





# ကော်လိတ်တော်

## နှင့်

# မြို့တော်စည်ပင်

( မြို့ပြမြေယာ စီမံခန့်ခွဲမှုအကြောင်း ဆွေးနွေးခြင်း )


ဦးမောင်မောင်ညွှန့်



mgyoe.com SAMPLE BOOK

ကော်လိတ်တော် ဟူသည့် ရာထူး၏ ပင်ရင်းမှာ မြေခွန်ကောက်ခံသူသာဖြစ်ပြီး အိန္ဒိယပြည်တွင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှသည် ထိုစကားရပ်က မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် ကော်လိတ်တော် အရာရှိဟု ဆိုလေတိုင်း မြေကို စီမံခန့်ခွဲသူ၊ မြေခွန်ကောက်ခံသူဟူ၍ တရားသေ မှတ်ယူ၍ မရကြောင်း သိကြစေခြင်းငှာ မြန်မာပြည်၏ တည်ဆဲဥပဒေများတွင် ကော်လိတ်တော် ဟူသည့် စကားရပ်ဖြင့် ပြဌာန်းချက်များ၊ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြား သိမြင်နိုင်ကြစေရန် အဆိုပါ ဥပဒေများမှ ကောက်နုတ်၍ ရှင်းလင်း တင်ပြသည့် အကြောင်းအရာ ခေါင်းစဉ်အဖြစ် တင်ပြထားပါသည်။

ထို့နောက် ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီတို့၏ မြို့ပြမြေယာ စီမံခန့်ခွဲခွင့်ကို ကော်မတီ တစ်ရပ်စီ ခွဲခြားကာ ခေါင်းစဉ် နှစ်ခု ရေးသားပါသည်။



ISBN 978-99986-0-220-5

9 789998 602205 >

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

- ကော်လိတ်တော် ဟူသည့် ရာထူး၏ ပင်ရင်းမှာ မြေခွန် ကောက်ခံသူသာ ဖြစ်ပြီး အိန္ဒိယပြည်တွင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှသည် ထိုစကားရပ်က မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် ကော်လိတ်တော် အရာရှိဟု ဆိုလေတိုင်း မြေကို စီမံခန့်ခွဲသူ၊ မြေခွန် ကောက်ခံသူ ဟူ၍ တရားသေ မှတ်ယူ၍ မရကြောင်း သိကြစေခြင်းငှာ မြန်မာပြည်၏ တည်ဆဲဥပဒေများတွင် ကော်လိတ်တော် ဟူသည့် စကားရပ်ဖြင့် ပြဋ္ဌာန်းချက်များ၊ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြား သိမြင်နိုင်ကြစေရန် အဆိုပါဥပဒေများမှ ကောက်နုတ်၍ ရှင်းလင်းတင်ပြသည့် အကြောင်းအရာ ခေါင်းစဉ်အဖြစ် တင်ပြထားပါသည်။

*မိတ်ဆက်စကား မှ*

- မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကော်လိတ်တော်အရာရှိ ဟူသည့် ရာထူးအမည် ပါသည့် ဥပဒေများကို လေ့လာမည် ဆိုပါက အများစုသည် အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း ဥပဒေ၊ မြေသိမ်း အက်ဥပဒေ၊ ယစ်မျိုး အက်ဥပဒေ၊ အခွန်အရ ကောက်ခံမှု အက်ဥပဒေတို့ကိုသာ သိကြပါသည်။ ဆက်လက် လေ့လာမည် ဆိုပါက တံဆိပ်ခေါင်းခွန် အက်ဥပဒေ၊ ရုံးခွန် အက်ဥပဒေ၊ နိုင်ငံတော် ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ စသည်တို့တွင်လည်း ပါဝင်နေသည်ကို သတိပြုမိသူ နည်းပါးလှပါသည်။

*ကော်လိတ်တော်အရာရှိ မှ*

mgyoe.com

mgyoe.com SAMPLE BOOK

- ❑ မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှ အင်ပါယာအတွင်း သွတ်သွင်းပြီးနောက် ပဲခူးတိုင်းမင်းကြီး၏ အုပ်ချုပ်မှု နယ်မြေအတွင်းရှိ ရန်ကုန်မြို့မှ မြေများ အားလုံးကို ၂၄-၁၂-၁၈၅၂ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ဗြိတိသျှ အစိုးရပိုင်မြေအဖြစ် သတ်မှတ်ကာ ရန်ကုန် မြို့သစ်ကို စီမံကိန်းရေးဆွဲ ထူထောင်ခဲ့ပါသည်။ ထိုမှ ၁၈၇၄ ခုနှစ် အက်ဥပဒေ အမှတ် (၇) ဖြစ်သည့် The Burma Municipal Act, 1874 ကို ပြဋ္ဌာန်းလာသည့်အခါ ယင်းအက်ဥပဒေအရ ရန်ကုန် မြူနီစီပါယ်ကော်ပိုရေးရှင်းကို စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

*ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ မှ*

- ❑ မြို့တော်အတွင်းရှိမြေများ အသုံးချခြင်းဟု ဆိုရာတွင် ကော်မတီသို့ လွှဲအပ်ထားခြင်း မရှိသည့် နိုင်ငံပိုင်မြေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများပိုင် မြေများကိုပါ ဆိုလိုသည့်သဘော သက်ရောက်ပါသည်။ ဤသို့ မြို့ပြမြေရာ စီမံခန့်ခွဲမှုအတွက် ပြဋ္ဌာန်းချက်ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က ပြဋ္ဌာန်းပိုင်ခွင့် မရှိပါ။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းပိုင်ခွင့် ရှိပါသည်။

*ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ မှ*

- ❑ မန္တလေးမြူနီစီပါယ်ကော်မတီကို ၁၈၈၇ ခုနှစ်တွင် ဖွဲ့စည်း၍ ၃၀-၇-၁၈၈၇ နေ့တွင် ထုတ်ပြန်သည့် နိုင်ငံတော် ပြန်တမ်းတွင် ဖွဲ့စည်း ခန့်အပ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့သည်။ ထိုသို့ ဖွဲ့စည်းသည့် မန္တလေးမြူနီစီပါယ်ကော်မတီတွင် မန္တလေးခရိုင်ဝန်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ အဖွဲ့ဝင် ၁၅ ဦးဖြင့် ၁၈-၈-၁၈၈၇ တွင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

*မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ မှ*

- ❑ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခြင်းမပြုသည့် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေ (အစိုးရက စီမံခန့်ခွဲခွင့် ရှိသော မြေ) တို့ကို မည်သည့်အစိုးရဌာန၏ မည်သည့်အရာရှိများက စီမံ ခန့်ခွဲရမည် ဟူသည့် အချက်သည် ဥပဒေပုဒ်မ မြေပြဿနာတစ်ရပ်အဖြစ် ဆက်လက် အဖြေရှာကြရန် လိုအပ်နေသည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

*မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ မှ*

mgyoe.com

mgyoe.com
SAMPLE BOOK

WISDOM HOUSE
စာအုပ် (၂၇၅)

# ကော်လိတ်တော်နှင့် မြို့တော်စည်ပင်

## (မြို့ပြမြေရာ စီမံခန့်ခွဲမှုအကြောင်း ဆွေးနွေးခြင်း)

ဦးမောင်မောင်ညွန့်

WISDOM HOUSE
☎ ၀၉ ၂၅၄၁၄၈၅၆၈၊ ၀၉၉၅ ၅၀၅၈၅၃၃၊ ၀၉ ၄၃၀၄၁၈၅၇၊
Viber No. 09 2541 48568။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK


အသိပေးကြေညာခြင်း

Wisdom House စာအုပ်တိုက်က ထုတ်ဝေသော စာအုပ်များကို တစ်အုပ်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မိတ္တူ ကူးယူ၍ ရောင်းချခြင်းကိုလည်းကောင်း၊ မီဒီယာများပေါ်တွင် အီးဘုတ် (E-book) ပြုလုပ်ရောင်းချခြင်းကိုလည်းကောင်း၊ YouTube Channel, Facebook အစရှိသည်တို့တွင် အသံစာအုပ်အဖြစ် ထုတ်လွှင့်ခြင်းကိုလည်းကောင်း ခွင့်ပြုထားခြင်း လုံးဝ မရှိကြောင်း အသိပေးအပ်ပါသည်။ ထိုသို့ ခွင့်ပြုချက် မရှိဘဲ တစ်နည်းနည်းဖြင့် မူပိုင်ခွင့် ချိုးဖောက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်း မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားဖြစ် လုပ်ကိုင်နေသူများ သိရှိစေရန် ကြေညာအပ်ပါသည်။

စာဖတ်သူများကို လေးစားလျက်
Wisdom House စာအုပ်တိုက်



| | |
|---|---|
| ပထမအကြိမ် | မေလ၊ ၂၀၂၄ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊ |
| | အခန်း (၁၀၁)၊ တိုက် (၅၆)၊ |
| | အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း |
| | ကာလာဇုန်ပုံနှိပ်တိုက် (မြ-၀၀၁၄၂) |
| | အမှတ် (၁၈၄)၊ (၃၁) လမ်း (အထက်)၊ |
| | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| **တန်ဖိုး** | ကျပ် ၇၀၀၀ |


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးမောင်မောင်ညွန့်

အဖ ဦးတင်ညွန့်၊ အမိ ဒေါ်တူးတို့က ဧရာဝတီတိုင်း ဒေးဒရဲမြို့တွင် ၁၉၅၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့၌ မွေးဖွားသည်။ အခြေခံပညာများကို မန္တလေးမြို့ စိန့်ပီတာကျောင်း၊ ပဲခူးမြို့ အထက (၃)၊ ရန်ကုန်မြို့ ဗိုလ်တထောင် အထက (၆) တို့တွင် သင်ယူ၍ ၁၉၇၁ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို အောင်မြင်သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် အထက်တန်းရှေ့နေ စာမေးပွဲ၊ မှတ်ပုံတင်ရှေ့နေစာမေးပွဲများ ဖြေဆို အောင်မြင်ခဲ့သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် နိုင်ငံရေးသိပ္ပံဌာန၌ နည်းပြ အဖြစ် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ကောင်စီရုံး ဒုတိယရုံးအဖွဲ့မှူးအဖြစ် ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ပုဇွန်တောင်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ တာမွေမြို့နယ်၊ သိန္နီမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး နောက် ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ထို့နောက် ရတနာပဒေသာကုမ္ပဏီလီမိတက်၊ ဘူမိမြန်တိုင်းတံခွန် ဓာတ်သတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက်၊ ရသာချို စက်မှုလက်မှုလုပ်ငန်းလီမိတက် တို့တွင် ဒုတိယအထွေထွေမန်နေဂျာ၊ အထွေထွေမန်နေဂျာ စသည့် တာဝန်များ ကို ဆောင်ရွက်ကာ အသက် ၆၀ ပြည့်သည့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဝန်ထမ်း လုပ်ငန်းတာဝန်များမှ အနားယူခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ထမ်းဘဝမှ လုံးဝ အနားယူပြီးနောက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ဥပဒေစာအုပ်များ၊ နိုင်ငံတကာမှ ဥပဒေများကို အီးဘုတ် (e-book) များ ပြုလုပ်၍ ဒီဗီဒီချပ်တွင် ထည့်သွင်းကာ မြန်မာနိုင်ငံအနှံ့မှ ဥပဒေ လေ့လာသူများထံ ပညာဒါနအဖြစ် အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် မြေသိမ်း ဥပဒေလက်စွဲ၊ ရှေ့နေ လိုက်ပါသူများ အက်ဥပဒေ၊ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အောက်မြန်မာပြည် မြေနှင့်အခွန်အက်ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေ၊ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ၊ နည်းဥပဒေတို့ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစု၍ ခရေ့ဖူးစာပေ၊ ရွှေမိုယ်းစာပေတို့က ထုတ်ဝေခဲ့သည်။

ထို့နောက် မြေနှင့်ဆိုင်ရာဥပဒေ လေ့လာချက်စာတမ်းများ၊ ယစ်မျိုးအက်ဥပဒေဆိုင်ရာ သိဖွယ်ရာ စာတမ်းများကို စာအုပ်အဖြစ် ရွှေမိုယ်းစာပေ၊ Wisdom House စာပေတို့က ထုတ်ဝေ ဖြန့်ချိခဲ့သည်။ သည့်အပြင် မြေနှင့်ဆိုင်ရာ ပြဿနာများအတွက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအမျိုးမျိုးတို့အရ ဥပဒေအချင်းချင်း သဟဇာတ ဖြစ်ခြင်း၊ ပဋိပက္ခ ဖြစ်ခြင်းတို့ကို လေ့လာ၍ စာတမ်းများ ရေးသားကာ စာအုပ်အဖြစ် Wisdom House စာပေက ဆက်လက် ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် Facebook လူမှုကွန်ရက်တွင် မြေနှင့်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို Maung Maung Nyunt ဟူသည့် အမည်ဖြင့် နေ့စဉ်ရေးသား မျှဝေပေးနေပါသည်။

ယခုအခါ မည်သည့် ရာထူးကိုမျှ ရယူခြင်း မပြုဘဲ စေတနာအလျောက် မြန်မာနိုင်ငံအနှံ့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပြည်သူများ၏ မြေနှင့်ဆိုင်ရာ ပြဿနာများအတွက် မေးမြန်းချက်များကို ဥပဒေရှုထောင့်သက်သက်မှ အခမဲ့ ဖြေကြားပေးမှု ပြုကာ မိသားစုနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


❑ မိတ်ဆက်စကား ၁

အပိုင်း (၁) ကော်လိတ်တော်အရာရှိ ၅

- နိဒါန်း ၇
- ကော်လိတ်တော် အရာရှိ၏ မူလအစ ၈
- ခရိုင်ဝန်နှင့် ကော်လိတ်တော် ၉
- အမိပ္ပာယ် ဖွင့်ဆိုမှု ၁၂
- အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ ၁၄
- မြေသိမ်း အက်ဥပဒေ ၁၆
- ယစ်မျိုး အက်ဥပဒေ ၁၈
- တရားမကျင့်ထုံး ဥပဒေ ၂၀
- ရာဇဝတ်ကျင့်ထုံး ဥပဒေ ၂၂
- တံဆိပ်ခေါင်း အက်ဥပဒေ ၂၄
- ရုံးခွန် အက်ဥပဒေ ၂၆
- ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ၂၈
- ကုန်းလမ်း အကောက်ခွန် အက်ဥပဒေ ၃၁


mgyoe.com

mgyoe.com SAMPLE BOOK


- နိုင်ငံတော် ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ ၃၃
- နိဂုံး ၃၄

အပိုင်း (၂) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ ၃၇

- နိဒါန်း ၃၉
- မြူနီစီပါယ် အက်ဥပဒေ ၃၉
- ရန်ကုန်မြို့ စည်ပင်သာယာရေး အက်ဥပဒေ ၄၂
- ရန်ကုန်မြို့မ မြူနီစီပါယ် အက်ဥပဒေနှင့် မြေ ၄၇
- နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေ ၅၅
- အိုးအိမ်ဦးစီးဌာန ၅၇
- စည်ပင်သာယာရေး ဥပဒေ ၅၈
- ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ ၆၀
- ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ ၇၉
- ၂၀၁၈ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ ၉၁
- နိဂုံး ၁၀၄

အပိုင်း (၃) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေရာ ၁၀၇

- နိဒါန်း ၁၀၉
- အထက်မြန်မာပြည် မြူနီစီပါယ်စည်းမျဉ်း ဥပဒေ ၁၀၉
- မြူနီစီပါယ်အက်ဥပဒေ ၁၁၁
- ၁၈၉၈ ခုနှစ်၊ မြူနီစီပါယ်အက်ဥပဒေနှင့် မြေ ၁၁၂
- ဒေသန္တရ အာဏာပိုင်များ (ရပ်ဆိုင်းရေး) အက်ဥပဒေ ၁၁၇
- ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေ ၁၁၉


mgyoe.com

mgyoe.com SAMPLE BOOK


- ပြည်သူ့ကောင်စီခေတ် ၁၂၁
- ၁၉၉၂ ခုနှစ်၊ မန္တလေးမြို့ စည်ပင်သာယာရေး ဥပဒေ ၁၂၁
- ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ ၁၂၅
- ၂၀၀၂ ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ ၁၂၆
- ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ ၁၂၈
- မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများ ၁၃၅
- အထက်မြန်မာပြည် မြေနှင့် အခွန် စည်းမျဉ်းဥပဒေ ၁၄၅
- နိဂုံး ၁၄၇


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်စကား

ဤစာအုပ်၏အမည်ကို 'ကော်လိတ်တော်နှင့် မြို့တော်စည်ပင်' ဟု ဆိုထားသော်လည်း စာအုပ်တွင် အကြောင်းအရာ ခေါင်းစဉ် သုံးခုဖြင့် တင်ပြထားပါသည်။ ပထမဦးဆုံး တင်ပြချက်အနေဖြင့် Collector ဟူသည့် အင်္ဂလိပ် ဝေါဟာရကို ရှေးက 'ကော်လိတ်တော်အရာရှိ' ဟူ၍ မြန်မာသံသို့ ဖလှယ်ပြီး ပြန်ဆို ရေးသား အသုံးပြုခဲ့ကြပါသည်။ ဤသို့သော ကော်လိတ်တော်အရာရှိ ဟူသည့် ရာထူးအမည်အတွက် မြေကို စီမံခန့်ခွဲသူ (မြေငှားဂရန် လက်မှတ်ရေးထိုး ထုတ်ပေးပိုင်ခွင့်ရှိသူ) ဟူ၍ ယနေ့ကာလ လူအများက အယူအဆ မှားယွင်းစွာ အဓိပ္ပာယ် ကောက်ယူနေကြပါသည်။

ကော်လိတ်တော် ဟူသည့် ရာထူး၏ ပင်ရင်းသည် မြေခွန်ကောက်ခံသူသာ ဖြစ်ပြီး အိန္ဒိယပြည်တွင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှသည် ထိုစကားရပ်က မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် ကော်လိတ်တော်အရာရှိဟု ဆိုလေတိုင်း မြေကို စီမံခန့်ခွဲသူ၊ မြေခွန် ကောက်ခံသူ ဟူ၍

mgyoe.com

mgyoe.com
SAMPLE BOOK

တရားသေ မှတ်ယူ၍ မရကြောင်း သိကြစေခြင်းငှာ မြန်မာပြည်၏ တည်ဆဲဥပဒေများတွင် ကော်လိတ်တော် ဟူသည့် စကားရပ်ဖြင့် ပြဋ္ဌာန်းချက်များ၊ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြား သိမြင်နိုင်ကြစေရန် အဆိုပါ ဥပဒေများမှ ကောက်နုတ်၍ ရှင်းလင်း တင်ပြသည့် အကြောင်းအရာ ခေါင်းစဉ်အဖြစ် တင်ပြထားပါသည်။

ထို့နောက် ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ မြို့ပြမြေရာ စီမံ ခန့်ခွဲခွင့်ကို ကော်မတီတစ်ရပ်စီ ခွဲခြားကာ ခေါင်းစဉ် နှစ်ခု ရေးသားပါသည်။ အများစုအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တိုင်းဒေသကြီးလွှတ်တော်၏ ဥပဒေ ပြဋ္ဌာန်းခွင့်တွင် မြို့ရွာမြေ စီမံခန့်ခွဲရေးအတွက် ပြဋ္ဌာန်းခွင့် မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က ပြဋ္ဌာန်းသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းသည့် မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေတို့တွင် ကော်မတီသို့ မြေရာစီမံခန့်ခွဲခွင့်ကို ပြဋ္ဌာန်းခြင်းသည် မှားယွင်းသည်၊ အခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟု ဆိုကြပါသည်။ အဆိုပါ ဥပဒေများပါစာသားကို သေချာစွာ ဖတ်ရှုကြရန် လိုအပ်ပါသည်။

ဗြိတိသျှအစိုးရ အုပ်ချုပ်မှုအောက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် မြူနီစီပါယ်အက်ဥပဒေများနှင့် မခြားနားဘဲ မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် သိမ်းယူသော သို့မဟုတ် မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ ဥပဒေအရ အပ်နှင်းသော သို့မဟုတ် မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်း ပေးအပ်သော မြေများကို ကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြေအဖြစ် စီမံ ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ လွှဲပြောင်းခြင်း၊ အပ်နှင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ခြင်း မရှိသော မြို့အတွင်းရှိ နိုင်ငံပိုင်မြေလွတ်များ၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို ကော်မတီက စီမံခန့်ခွဲရန် ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် အဆိုပါ မြို့တော် စည်ပင်သာယာရေး ဥပဒေများသည် အခြေခံဥပဒေနှင့် ဆန့်ကျင်မှု မရှိကြောင်းကို ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများမှ ကောက်နုတ် နှိုင်းယှဉ် ရေးသား တင်ပြထားပါသည်။

သို့ဖြစ်၍ 'ကော်လိတ်တော်နှင့် မြို့တော်စည်ပင်'ဟု စာအုပ်အမည်ကို တစ်ပေါင်းတည်း ရေးသားထားသော်လည်း မတူညီသည့် အကြောင်းအရာ သုံးခုကို ရေးသားထားခြင်း ဖြစ်ပါကြောင်း ရှေးဦးပဏာမ တင်ပြလိုက်ပါသည်။

စာရေးသူ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၁)

# ကော်လိတ်တော်အရာရှိ

mgyoe.com

mgyoe.com SAMPLE BOOK


- နိဒါန်း ၇
- ကော်လိတ်တော်အရာရှိ၏ မူလအစ ၈
- ခရိုင်ဝန်နှင့် ကော်လိတ်တော် ၉
- အဓိပ္ပာယ် ဖွင့်ဆိုမှု ၁၂
- အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ ၁၄
- မြေသိမ်း အက်ဥပဒေ ၁၆
- ယစ်မျိုး အက်ဥပဒေ ၁၈
- တရားမကျင့်ထုံး ဥပဒေ ၂၀
- ရာဇဝတ်ကျင့်ထုံး ဥပဒေ ၂၂
- တံဆိပ်ခေါင်း အက်ဥပဒေ ၂၄
- ရုံးခွန် အက်ဥပဒေ ၂၆
- ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ၂၈
- ကုန်းလမ်း အကောက်ခွန် အက်ဥပဒေ ၃၁
- နိုင်ငံတော် ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ ၃၃
- နိဂုံး ၃၄


mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၁)

# ကော်လိတ်တော်အရာရှိ

**နိဒါန်း**

မြန်မာနိုင်ငံ၏ မြေယာစီမံခန့်ခွဲရေးတွင် ကော်လိတ်တော်အရာရှိ ဟူသည့် ရာထူးအမည်ကို အဓိပ္ပာယ် လွဲမှားစွာ ကောက်ယူ၍ လွန်စွာ ခံတွင်းတွေ့နေကြပါသည်။ ဤအမည်မှာ အင်္ဂလိပ် ဝေါဟာရ Collector ဟူသည်ကို မြန်မာဘာသာဖြင့် ခေါ်ဆိုနေကြခြင်း ဖြစ်ပါသည်။ အချို့သူများကမူ ကော်လိတ္တော် အရာရှိဟုလည်း ရေးကြပါသည်။

အမှန်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်ကို အသံထွက်အတိုင်း မြန်မာဘာသာဖြင့် ရေးသားရခြင်း ဖြစ်သောကြောင့် မြန်မာစာ ရေးထုံးအရ ကော်လိတ်တော်အရာရှိ ဟူ၍သာ ဖြစ်ရပါမည်။ ထို့ကြောင့်လည်း ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရာတွင် အသံဖလှယ်သည့်အတွက် ကော်လိတ်တော်အရာရှိ ဟုသာ ရေးသားခဲ့ပါသည်။ သို့ဖြစ်၍ ကော်လိတ်တော်အရာရှိဟုသာ ဆက်လက် ရေးသားသွားပါမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ကော်လိတ်တော် အရာရှိ၏ မူလအစ

ကော်လိတ်တော်အရာရှိ ဟူသည် ဗြိတိန်ဘုရင်မကြီး အယ်လီဇဘက် (Queen Elizabeth) ၏ စာချွန်တော် (Charter) အရ ၁၆၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် အရှေ့အိန္ဒိယကုမ္ပဏီ (East India Company) ၏ ကုမ္ပဏီဝန်ထမ်းအဖြစ်မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ အိန္ဒိယပြည်သို့ ကုန်သွယ်မှုကို အကြောင်းပြ ဝင်ရောက်ပြီး နယ်မြေများ သိမ်းပိုက်ကာ အိန္ဒိယပြည်သူတို့ထံမှ အခွန်အရပ်ရပ်ကို ကောက်ခံခဲ့ပါသည်။ အစောပိုင်းကာလတွင် ဇမင်ဒါ ခေါ် မြေရှင်ကြီးများ၏ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုခဲ့ပါသည်။ မြေရှင်ကြီးများက လယ်သမားများထံမှ အခွန်ကောက်ခံရပြီး ကောက်ခံရငွေ၏ ၈၉ ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ပေးဆောင်ရပြီး ကျန် ၁၁ ရာခိုင်နှုန်းကို ယင်းတို့အနေဖြင့် အကျိုးခံစားခွင့် ရရှိခဲ့ပါသည်။

ထို့မှသည် ကုမ္ပဏီအနေဖြင့် လယ်သမားများထံမှ တိုက်ရိုက်မြေခွန်များ ကောက်ခံရေးအတွက် ၁၁-၅-၁၇၇၂ တွင် ဘုရင်ခံချုပ်ဖြစ်သူ ဝါရင် ဟေစတင် (Warren Hastings) က တရားစီရင်ရေးစီမံကိန်း (The Judicial Plan of 1772) ကို အခြေပြု၍ ကြေးတိုင်စိုက်ခြင်းနှင့် အခွန်ကောက်ခံခြင်းအတွက် စည်းမျဉ်းဥပဒေ (Regulation for Settlement and Collection of the Revenue, 1772) ကို ထုတ်ပြန်ခဲ့ပြီး ယင်းစည်းမျဉ်းအရ ကော်လိတ်တော်အရာရှိ (Collector) ဟူသည့် ကုမ္ပဏီဝန်ထမ်း ခန့်အပ်ပြီး စည်းကြပ်ကောက်ခံမှုကို စတင်ခဲ့ပါသည်။ အစပထမပိုင်းတွင် ကော်လိတ်တော်အရာရှိ တစ်ဦးတည်းအနေနှင့် ဆောင်ရွက်ရခြင်း မဟုတ်ဘဲ ကုမ္ပဏီထံမှ လွှဲအပ်ခံရသည့် ဒေဝံ (diwan) (royal court tribunal of justice or treasury) နှင့် ပူးတွဲ ဆောင်ရွက်ခဲ့ရပါသည်။

ကော်လိတ်တော်အရာရှိ ရာထူးကို ကနဦး တီထွင် ခန့်အပ်စဉ်က အရှေ့အိန္ဒိယကုမ္ပဏီသည် သီးခြား ဝန်ထမ်းတစ်ဦးအဖြစ်

mgyoe.com

mgyoe.com

SAMPLE BOOK

ခန့်အပ်ခဲ့သည် ဖြစ်သော်လည်း အုပ်ချုပ်ရေး ခိုင်မာလာသည့် ပြည်နယ်များတွင် အုပ်ချုပ်မှုစရိတ် နည်းနည်းပါးပါးနှင့် အုပ်ချုပ်သည့်မူအရ နောက်ပိုင်းတွင် သီးခြားဝန်ထမ်း ခန့်အပ်ခြင်း မပြုတော့ဘဲ ခရိုင်ဝန် (Deputy Commissioner) ဖြစ်သူကို အဆိုပါ ကော်လိတ်တော်အရာရှိ (Collector) ၏ လုပ်ပိုင်ခွင့်များ အပ်နှင်းခဲ့ပါသည်။ ပထမပိုင်းတွင် မြေခွန်အတွက်သာ ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် အခွန်အရပ်ရပ်တို့အတွက်ကိုပါ ဆက်လက် တာဝန်ပေးခဲ့ပါသည်။

မြန်မာပြည်ကို ကျူးကျော်စစ်တို့ဖြင့် သိမ်းယူပြီးနောက် ဗြိတိသျှအင်ပါယာအတွင်း အိန္ဒိယပြည်၏ ပြည်နယ်တစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည့်အခါ အိန္ဒိယပြည်၏ ဘင်္ဂလားပြည်နယ်တွင် သက်ရောက်သည့် အက်ဥပဒေများကို မြန်မာပြည်သို့လည်း သက်ရောက်စေခဲ့ပါသည်။ ၁၉၃၅ ခုနှစ်၊ မြန်မာပြည်အုပ်ချုပ်မှု အက်ဥပဒေ (The Government of Burma Act, 1935) အရ အိန္ဒိယပြည်မှ ခွဲထွက်ပြီး ဗြိတိသျှ လက်အောက်ခံ သီးခြားပြည်တစ်ခုအဖြစ် စတင် ရပ်တည်သည်မှ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်း၍ အသစ် ပြဋ္ဌာန်းခြင်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည် ဖြစ်သော်လည်း မျက်မှောက် တည်ဆဲ ဥပဒေများတွင် ကော်လိတ်တော်အရာရှိ ဟူသည့် ရာထူးအမည်သည် ဆက်လက် တည်ရှိနေပါသည်။

## ခရိုင်ဝန်နှင့် ကော်လိတ်တော်

ကော်လိတ်တော်အရာရှိ ဟူသည့် နိဒါန်းအစသည် အိန္ဒိယပြည်ကို အခြေပြုခဲ့ကြောင်း တင်ပြပြီးနောက် မြန်မာပြည်အတွက် ဆက်လက် တင်ပြပါမည်။ မြန်မာပြည်အနေဖြင့် ဗြိတိသျှ အင်ပါယာအတွင်း အိန္ဒိယပြည်၏ ပြည်နယ်တစ်ရပ်အဖြစ် စတင်ခဲ့ရာတွင် ကနဦး အစ

mgyoe.com

mgyoe.com
SAMPLE BOOK

က မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) တစ်ဦး ခန့်ထား၍ မဟာဝန်ရှင်တော်မင်းကြီး၏ လုပ်ပိုင်ခွင့်များ အက်ဥပဒေ (The Chief Commissioner's Powers Act, 1867) ဖြင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခဲ့ပါသည်။ ထိုမှသည် အုပ်ချုပ်မှုအဆင့် မြှင့်တင်ကာ ဘုရင်ခံ (Governor) အဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။

တစ်ပြည်လုံးကို ဘုရင်ခံက အုပ်ချုပ်နေသည့်တွင် တိုင်းအသီးသီး၌ ဘုရင်ခံကို ကိုယ်စားပြု၍ အုပ်ချုပ်ရန်အတွက် တိုင်းမင်းကြီး (Commissioner) (မူလက ဝန်ရှင်တော်မင်းကြီးဟု ခေါ်ဆိုပါသည်) များကို ခန့်အပ်ခဲ့ပါသည်။ မြန်မာဘာသာပြန်ဖြင့် တိုင်းမင်းကြီးဟု ဆိုသော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရာထူးအမည်ကို တိုက်ရိုက်ဘာသာပြန်ရလျှင် အာဏာလွှဲအပ်ခြင်းခံရသူ ဖြစ်ပါမည်။ ဘုရင်ခံ၏ ကိုယ်စား တိုင်းအသီးသီးကို အုပ်ချုပ်ရန် အာဏာလွှဲအပ်ခံရသူများ ဖြစ်ပါသည်။ (ယနေ့ခေတ်ကာလ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဆင့်နှင့် ညီမျှလေမည်လား မသိပါ။)

ထိုတိုင်းမင်းကြီးများ အုပ်ချုပ်သည့် တိုင်းအသီးသီးကို အုပ်ချုပ်မှုမဏ္ဍိုင်ကျသည့် နယ်မြေခွဲများအဖြစ် ခရိုင် (District) (မူလက စီရင်စုဟု ခေါ်ဆိုပါသည်) များ ဟူ၍ စိတ်ပိုင်းပြီးနောက် ခရိုင်အသီးသီးအတွက် ခရိုင်ဝန် (Deputy Commissioner) (မူလက ဒုတိယမင်းကြီး၊ ထိုမှသည် အရေးပိုင်ဟု ခေါ်ဆိုပါသည်) များကို တိုင်းမင်းကြီး၏ ကွပ်ကဲမှုအောက်တွင် အုပ်ချုပ်စေပါသည်။ ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးစနစ်၏ အုပ်ချုပ်မှု ကုန်ကျစရိတ် အနည်းအပါးနှင့် ထိရောက်စွာ အုပ်ချုပ်သည့် မူဝါဒအရ ခရိုင်ဝန်များကို ခရိုင်ရာဇဝတ်တရားသူကြီး (District Magistrate) အဖြစ်လည်းကောင်း၊ ကော်လိတ်တော်အရာ ရှိ (Collector) အဖြစ်လည်းကောင်း လုပ်ပိုင်ခွင့်များ အပ်နှင်း၍ တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ အရင်းခံရာထူးသည် ခရိုင်ဝန်သာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ခရိုင်ဝန်အနေဖြင့် ခရိုင်ရာဇဝတ်တရားသူကြီးနှင့် ကော်လိတ်တော်တို့၏ တာဝန်ကို ပူးတွဲ၍ ထမ်းဆောင်ကြရသည် ဖြစ်ရာ ခရိုင်ရုံးလက်စွဲ (The District Office Manual) တွင် လေ့လာပါက ခရိုင်ဝန်ရုံးထိုင်သည့် ခရိုင်ရုံးတွင် တရားရေး၊ အထွေထွေ၊ အခွန်၊ မြေစာရင်း၊ ငွေတိုက်၊ မှတ်ပုံတင် ဟူ၍ ဌာနခွဲ ၆ ခုဖြင့် ဖွဲ့စည်းထားခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။ ယင်းဌာန ၆ ခုအနက် အခွန်ဌာနသည် ကော်လိတ်တော်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရခြင်း ဖြစ်ပြီး ထိုဌာန၏ အကြီးအကဲအဖြစ် အခွန်ဝန် (Akunwun) (A.K) က ဌာနအကြီးအကဲအဖြစ် တာဝန်ယူရပါသည်။

ခရိုင်ရုံး လက်စွဲတွင် အခွန်ဌာန၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အပိုဒ် ၅ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

၅။ ခရိုင်ရုံး၏ အခွန်ဌာနသည် မြေနှင့် သက်ဆိုင်သည့် ရပိုင်ခွင့်များ၊ အခွန်အတွက် စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊ အစိုးရသို့ ပေးဆောင်ရမည့် အခြား ငွေကြေးများ (စိုက်ပျိုးရေးနှင့် သဘာဝဘေးကိစ္စများမှအပ) ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရသည်။ စိုက်ပျိုးစရိတ် ချေးငွေများသည် အရကောက်ခံမှု ဆောင်ရွက်ရသည် ဖြစ်၍ အခွန်ဌာနနှင့် သက်ဆိုင်သည် ဖြစ်သော်လည်း စိုက်ပျိုးရေးနှင့် စပ်လျဉ်းသည့် အခြားကိစ္စများမှာ မြေစာရင်းဌာနနှင့်သာ သက်ဆိုင်သည်။ အလားတူပင် ရဲအဖွဲ့ခွန်အဖြစ် ဒဏ်ကြေး သတ်မှတ်ခြင်းနှင့် ကောက်ယူခြင်းသည် အခွန်ဌာန၏တာဝန် ဖြစ်သည်။

ခရိုင်ဝန်၏ ဒေသန္တရ ရန်ပုံငွေနှင့် တောင်တန်းဒေသ ဒေသန္တရ ရန်ပုံငွေတို့သည် သီးခြားစီ ရှိနေမည့် စာရေးဝန်ထမ်းလိုအပ်ချက်အတွက် ဒေသန္တရ ရန်ပုံငွေ အနည်းအပါးကိစ္စမှအပ ရုံးအုပ်စာရေးကြီး၏ ကြီးကြပ်မှုအောက်တွင် ရှိသည့် စာရေး တစ်ဦး သို့မဟုတ် အများအတွက် ယင်းရန်ပုံငွေမှ ပေးအပ်ရန် အထွေထွေဌာနနှင့် သက်ဆိုင်သည်။ သို့ရာတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

ခိုင်ကြေးများ ကောက်ခံခြင်းနှင့် ရပိုင်ခွင့်များအတွက် လေလံတင်ခြင်း သို့မဟုတ် အရစ်ကျ ပေးသွင်းစေခြင်းတို့ကို အဆိုပါ ရန်ပုံငွေအတွက် ကောက်ခံသည့် ရငွေများ လက်ခံခြင်းတို့သည် အခွန်ဌာနနှင့် သက်ဆိုင်သည်။

သို့ဖြစ်၍ ကော်လိတ်တော်အရာရှိသည် သက်ဆိုင်ရာ ခရိုင်အတွင်း အခွန်အရပ်ရပ် စည်းကြပ် ကောက်ခံရသူ ဖြစ်ပါသည်။

## အဓိပ္ပာယ် ဖွင့်ဆိုမှု

မြန်မာနိုင်ငံ၏ တည်ဆဲ ဥပဒေများတွင် ကော်လိတ်တော်အရာရှိဟူသည့် ရာထူးအမည် ပါသည့် ဥပဒေများကို လေ့လာမည် ဆိုပါက အများစုသည် အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေ၊ မြေသိမ်း အက်ဥပဒေ၊ ယစ်မျိုး အက်ဥပဒေ၊ အခွန် အရကောက်ခံမှု အက်ဥပဒေတို့ကိုသာ သိကြပါသည်။ ဆက်လက် လေ့လာမည် ဆိုပါက တံဆိပ်ခေါင်းခွန် အက်ဥပဒေ၊ ရုံးခွန် အက်ဥပဒေ၊ နိုင်ငံတော်ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ စသည်တို့တွင်လည်း ပါဝင်နေသည်ကို သတိပြုမိသူ နည်းပါးလှပါသည်။

ကော်လိတ်တော်အရာရှိ ဟူသည့်စကားရပ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို လေ့လာပါက အများစုသည် အခွန်အရ ကောက်ခံမှု အက်ဥပဒေ (The Revenue Recovery Act, 1890) ၏ ပုဒ်မ ၂ (၂) ပါ အောက်ပါ ဖွင့်ဆိုချက်ကို ရည်ညွှန်းပြောဆိုကြပါသည်-

၂။ ဤအက်ဥပဒေတွင် ရှေ့နောက် စကားရပ် အဆက်အစပ်၌ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်ကျင် ကွဲလွဲမှု မရှိပါက-

(၂) ကော်လိတ်တော်အရာရှိ ဆိုသည်မှာ ခရိုင်တစ်ခု၏ မြေခွန်အတွက် အုပ်ချုပ်မှု ကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ရသည့် အကြီးအကဲ အရာရှိကို ဆိုသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဤဖွင့်ဆိုချက်၏ နိဒါန်းကို 'ဤအက်ဥပဒေတွင်' ဟူသည့် စကားရပ်ဖြင့် စတင်ထားခြင်းကို သတိမထားကြပါ။ ဤ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် အခွန် အရကောက်ခံမှု အက်ဥပဒေအတွက်သာ ဖြစ်ပြီး အခြားဥပဒေများအတွက် ဖွင့်ဆိုပေးထားခြင်း မဟုတ်ပါ။ အရာခပ်သိမ်း ဤဖွင့်ဆိုချက်ဖြင့် အဓိပ္ပာယ် ကောက်ယူခြင်း မပြုနိုင်ပါ။ ဤအက်ဥပဒေပါ စကားရပ်သည်ပင်လျှင် အဆက်အစပ်၌ ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်ကျင်ကွဲလွဲမှု မရှိပါမှ ဤဖွင့်ဆိုချက်အတိုင်း ကောက်ယူရပါသည်။ ထို့ပြင် မြေခွန် (Land-Revenue) အတွက်သာ တာဝန်ရှိသူအဖြစ် သတိပြုရပါမည်။

ပြဋ္ဌာန်းဥပဒေများပါ စကားရပ်များကို လွှမ်းခြုံ၍ အဓိပ္ပာယ်ဖွင့်ဆိုပေးသည့် သီးခြားဥပဒေတစ်ရပ် ရှိခဲ့ပါသည်။ အဆိုပါ ဥပဒေကယေဘုယျ စကားရပ်များ အက်ဥပဒေ (The General Clauses Act, 1898) ဖြစ်ပါသည်။ ထိုအက်ဥပဒေကို ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေဖြင့် ရုပ်သိမ်းခဲ့သည် မှန်သော်လည်း ဗြိတိသျှ အစိုးရခေတ် ပြဋ္ဌာန်းခဲ့သော ဥပဒေများအတွက်မူကင်းလွတ်၍ မရနိုင်ပေ။ အဆိုပါ အက်ဥပဒေတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် ပုဒ်မ ၂ (၁၂) တွင် အောက်ပါအတိုင်း ဖွင့်ဆိုပါသည်-

၂။ အက်ဥပဒေများ အားလုံးတွင် ရှေ့နောက် စကားရပ် အဆက်အစပ်၌ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်ကျင်ကွဲလွဲမှု မရှိပါက-

(၁၂) ကော်လိတ်တော်အရာရှိ ဆိုသည်မှာ ခရိုင် တစ်ခု၏ အခွန်အတွက် အုပ်ချုပ်မှုကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ရသည့် အကြီးအကဲ အရာရှိကို ဆိုသည်။

ဤသို့ ဖွင့်ဆိုပြဋ္ဌာန်းချက်တွင်ပင်လျှင် 'ရှေ့နောက် စကားရပ် အဆက်အစပ်၌ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျင် ကွဲလွဲမှု မရှိပါက’ ဟူသည့် စကားရပ်ကို အခြေပြု၍ ဖွင့်ဆို ထားခြင်းကို တွေ့ရပါမည်။ ထို့ပြင် အခွန် အရကောက်ခံမှု အက် ဥပဒေတွင် မြေခွန်အတွက်သာ ဖြစ်သော်လည်း ဤဖွင့်ဆိုချက်တွင် အခွန်အရပ်ရပ် (Revenue) အတွက် ဖြစ်သည်ကို သတိပြုမိမည်ဟု ယူဆပါသည်။ သို့ဖြစ်၍ တရားသေ မှတ်ယူ၍ ရနိုင်သည် မဟုတ် ပါ။ အခြားသော ဥပဒေတို့တွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် ဖွင့်ဆိုချက်များ ပါရှိနေလျှင် ထိုဥပဒေအတွက် ထိုဥပဒေပါ ဖွင့်ဆိုချက်အတိုင်း အဓိပ္ပာယ် ကောက်ယူခြင်း ပြုရမည် သာ ဖြစ်ပါသည်။

ထိုဖွင့်ဆိုချက်များအတွက် ဥပဒေ တစ်ရပ်ချင်းကို ဆက်လက် တင်ပြပါမည်။

## အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ

မြန်မာနိုင်ငံအတွင်း မြေကို အုပ်ချုပ်မှုအလို့ငှာ ပြဋ္ဌာန်းသည့် ဥပဒေ များတွင် အောက်မြန်မာပြည်အတွက် ပြဋ္ဌာန်းသည့် မြေနှင့် အခွန် အက်ဥပဒေ (The Land and Revenue Act, 1876) နှင့် အထက် မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ (The Town and Village Lands Act, 1898) တို့တွင် ကော်လိတ်တော်အရာရှိ ဟူ သည့် စကားရပ်ကို အသုံးပြုခြင်း မရှိဘဲ အခွန်အရာရှိ (Revenue Officer) ဟူသည့် စကားရပ်ဖြင့်သာ ပြဋ္ဌာန်းခဲ့ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ အထက်ပိုင်းအတွက် ပြဋ္ဌာန်းသည့် အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ (The Upper Burma Land and Revenue Regulation, 1889) တွင်မူ အခွန် အရာရှိ ဟူသည့် စကားရပ်နှင့် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် နှစ်မျိုးစလုံးကို အသုံးပြု ပြဋ္ဌာန်းခဲ့ပါသည်။ အထက်မြန်မာ ပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေတွင် ပုဒ်မ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊

mgyoe.com

mgyoe.com
SAMPLE BOOK

၁၁၊ ၂၄၊ ၂၅၊ ၂၉၊ ၃၉၊ ၄၀၊ ၅၃ တို့ပါ ပြဋ္ဌာန်းချက်များတွင်လည်း ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို ဖော်ပြ၍ ပြဋ္ဌာန်းခဲ့သော်လည်း ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကမူ အဆိုပါ စည်းမျဉ်းဥပဒေတွင် မပါရှိခဲ့ပါ။

အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေကို စတင်ပြဋ္ဌာန်းစဉ်က အခွန်အရာရှိအဖြစ် သတ်မှတ်သည့် ပုဒ်မ ၄ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၄။ (၁) အောက်ဖော်ပြပါအမည်များအတိုင်း အခွန်အရာရှိအဆင့်အတန်းများ ရှိစေရမည်-

(က) ဘဏ္ဍာတော်မင်းကြီး၊

(ခ) တိုင်းမင်းကြီး၊

(ဂ) ကော်လိတ်တော် အရာရှိ၊

(ဃ) ပထမတန်း လက်ထောက် ကော်လိတ်တော်အရာရှိ၊

(င) ဒုတိယတန်းလက်ထောက် ကော်လိတ်တော်အရာရှိ။

(၂) ခရိုင်တစ်ရပ်၏ ခရိုင်ဝန်သည် ထိုဒေသအတွက် ကော်လိတ်တော်အရာရှိ ဖြစ်သည်။

(၃) မြန်မာပြည် အစိုးရသည် မည်သည့်ဝန်ထောက်၊ စစ်ကဲ၊ နယ်ပိုင်၊ မြို့ပိုင်၊ မြို့အုပ်၊ အခွန်ဝန် တစ်ဦးဦးကိုမဆို ပထမတန်း သို့မဟုတ် ဒုတိယတန်း လက်ထောက် ကော်လိတ်တော်အရာရှိအဖြစ် သင့်လျော်သည် ထင်မြင်သည့်အတိုင်း ခန့်အပ်ခွင့် ရှိသည်။

(၄) ပုဒ်မခွဲ (၃) အရ ခန့်အပ်မှုကို မြန်မာပြည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ဆောင်ရွက်ရမည် ဖြစ်ပြီးလျှင် သီးသန့်လူတစ်ဦး၏ အမည်အားဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ ဖော်ပြခြင်း သို့မဟုတ် တစ်ဦးထက် ပိုသူများကို ယင်းတို့အား ထင်ရှားစွာ သိမြင်နိုင်သည့်အချက် ဖော်ပြခြင်းဖြင့် ခန့်အပ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၅) ဤစည်မျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ တိုင်းမင်းကြီး၊ ကော်လိတ်တော်အရာရှိ၊ လက်ထောက် ကော်လိတ်တော်အရာရှိတို့၏ စီရင်ပိုင်ခွင့်နယ်မြေသည် တည်ဆဲအချိန်တွင် ယင်းတို့တာဝန်ကျသည့် တိုင်းနှင့် ခရိုင်များ ဖြစ်စေရမည်။

ပုဒ်မခွဲ (၂) ဖြင့် ခရိုင်ဝန်ကို ကော်လိတ်တော်အရာရှိတာဝန် အပ်နှင်းခြင်းကို မြင်နိုင်ပါသည်။ ပုဒ်မခွဲ (၃) တွင် ၁၈၉၅ ခုနှစ်၊ စည်းမျဉ်းဥပဒေ အမှတ် (၂) ဖြင့် လယ်ဝန်ရာထူးကို ထည့်သွင်းခဲ့သော်လည်း ပုဒ်မခွဲ (၁) ပါ ပုဒ်မခွဲငယ် (င) နှင့် ပုဒ်မခွဲ (၂)၊ (၃)၊ (၄)၊ (၅) တို့ကို ၁၉၂၅ ခုနှစ် အက်ဥပဒေ အမှတ် (၃) ဖြင့် ပယ်ဖျက်၍ ပုဒ်မခွဲ (၂) ကို အစားထိုး ပြဋ္ဌာန်းခဲ့သဖြင့် ယနေ့တည်ဆဲ စည်းမျဉ်းဥပဒေတွင် ဤသို့ မတွေ့ရခြင်း ဖြစ်ပါသည်။

ဤပုဒ်မ ပြဋ္ဌာန်းချက်သည် အခွန်အရာရှိအဖြစ် ခန့်အပ်သည့် ပြဋ္ဌာန်းချက် ဖြစ်သည်ကို သတိပြုရမည်။ ထိုသို့ ခန့်အပ်သည့် အခွန်အရာရှိ (Revenue Officer) တို့ကသာ စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လုပ်ပိုင်ခွင့် ရရှိသည် ဖြစ်ပါသည်။ အထူးသဖြင့် ခရိုင်ဝန်ကို ကော်လိတ်တော်အရာရှိအဖြစ် သတ်မှတ်သော်လည်း အခွန်အရာရှိ ဖြစ်သောကြောင့်သာ လုပ်ပိုင်ခွင့်များ ရရှိသည်ကို သတိပြုကြရန် လိုအပ်ပါသည်။

## မြေသိမ်း အက်ဥပဒေ

၁၈၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြေသိမ်း အက်ဥပဒေ (The Land Acquisition Act, 1894) တွင်လည်း ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို ပုဒ်မ ၃၊ ၄၊ ၅၊ ၅-က၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၇၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀၊ ၄၁၊ ၄၅၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀ တို့တွင် များပြားစွာ တွေ့ရပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

တည်ဆဲဥပဒေတွင် ကော်လိပ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်-

> ၃။ ဤအက်ဥပဒေတွင် ရှေ့နောက် စကားရပ် အဆက်အစပ်၌ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်ကျင် ကွဲလွဲမှု မရှိပါက-
>
> (ဂ) ကော်လိပ်တော်အရာရှိ ဟူသည့် စကားရပ်တွင် ဤအက်ဥပဒေပါ ကော်လိပ်တော်အရာရှိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှာ နိုင်ငံတော်သမ္မတက သီးခြားခန့်အပ်သည့် မည်သည့်အရာရှိမဆို ပါဝင်သည်။

ဤဖွင့်ဆိုချက်တွင် ပါဝင်သည် include ဟူသည့် စကားရပ်ဖြင့် ဖွင့်ဆိုထားပြီး 'ဆိုသည်မှာ (means)' ဟူသည့် ဖွင့်ဆိုချက် မပါရှိနေသည်ကို သတိပြုမိမည်ဟု ယူဆပါသည်။ မြေသိမ်း အက်ဥပဒေကို စတင် ပြဋ္ဌာန်းစဉ်က အဆိုပါ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်-

> ကော်လိပ်တော်အရာရှိ ဆိုသည်မှာ ခရိုင်တစ်ရပ်၏ ကော်လိပ်တော်အရာရှိကို ဆိုသည် ဖြစ်ပြီး ခရိုင်ဝန်နှင့် ဤအက်ဥပဒေပါ ကော်လိပ်တော်အရာရှိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အလို့ငှာ မြန်မာပြည် အစိုးရက သီးခြား ခန့်အပ်သည့် မည်သည့်အရာရှိမဆို ပါဝင်သည်။

အဆိုပါ ၁၈၉၄ ခုနှစ်တွင် ပြဋ္ဌာန်းသည့် အက်ဥပဒေဖြင့် ရုပ်သိမ်းခဲ့သည့် ၁၈၇၀ ပြည့်နှစ် မြေသိမ်းအက်ဥပဒေတွင်လည်း အလားတူပင် ဖွင့်ဆိုပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် ၁၈၉၄ ခုနှစ် အက်ဥပဒေ မပြဋ္ဌာန်းမီက အထက်မြန်မာပြည်တွင် အာဏာ သက်ရောက်ခဲ့သည့် ၁၈၈၆ ခုနှစ်၊ အထက်မြန်မာပြည် မြေသိမ်း စည်းမျဉ်းဥပဒေတွင်


mgyoe.com

mgyoe.com
SAMPLE BOOK

လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖွင့်ဆိုခဲ့သည်ကို တွေ့ရပါသည်-

> ကော်လိတ်တော်အရာရှိ ဆိုသည်မှာ ခရိုင်တစ်ရပ်၏ ခရိုင်ဝန်ကို ဆိုသည် ဖြစ်ပြီး ဤစည်းမျဉ်းဥပဒေပါ ကော်လိတ်တော်အရာရှိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှာ မြန်မာပြည်အစိုးရက သီးခြား ခန့်အပ်သည့် မည်သည့်အရာရှိမဆို ပါဝင်သည်။

အဆိုပါ ပြဋ္ဌာန်းဖွင့်ဆိုချက်များကို ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီး ယနေ့ တည်ဆဲ အက်ဥပဒေတွင် အထက်ပါအတိုင်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကော်လိတ်တော်အရာရှိဟု ဆိုလေတိုင်း ခရိုင်ဝန်ဟုသာ မှတ်ယူနေလျှင် လွဲမှားမည့်အပြင် ဤအက်ဥပဒေအရ ခန့်အပ်သည့် ကော်လိတ်တော်အရာရှိ ဟူသည်က ဤအက်ဥပဒေအတွက်သာ ဖြစ်သည်ကို သတိပြုကြရန် လိုအပ်ပါသည်။ ထို့ပြင် ဤအက်ဥပဒေပါ ကော်လိတ်တော်အရာရှိ (မြေသိမ်းဆည်းသူ အရာရှိ - Land Acquisition Collector) ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှာ သီးခြား ခန့်အပ်သည့် မည်သည့်ဌာနမှ အရာရှိမဆိုကို သတ်မှတ်ကြောင်း၊ မြေကို စီမံခန့်ခွဲသူ (ဂရန်ပေးသူ) မဟုတ်ကြောင်း သတိပြုရပါမည်။

## ယစ်မျိုး အက်ဥပဒေ

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေ (The Excise Act, 1917) တွင်လည်း ပုဒ်မ ၆၊ ၁၀၊ ၁၆၊ ၂၂၊ ၂၈၊ ၃၈၊ ၄၈၊ ၄၉၊ ၅၅၊ ၅၈၊ ၅၉၊ ၆၃၊ ၆၇ တို့၌ တွေ့ရှိရပါသည်။ သို့ရာတွင် အဆိုပါ ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် အဓိပ္ပာယ် ဖွင့်ဆိုချက် မပါရှိပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် ဤအက်ဥပဒေဖြင့် ရုပ်သိမ်းခဲ့သည့် ၁၈၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ယစ်မျိုးအက်ဥပဒေ (The Excise Act, 1896) တွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ဖွင့်ဆိုခဲ့သည်ကို တွေ့ရပါသည်-

ကော်လိတ်တော်အရာရှိဟု ဆိုရာတွင် ခရိုင်တစ်ရပ်အတွင်း သီးခြား ကြီးကြပ်ရသည့် မည်သည့်အခွန်အရာရှိမဆိုနှင့် ဤအက်ဥပဒေပါ ကော်လိတ်တော်အရာရှိ၏ လုပ်ငန်းတာဝန်များကို သီးခြားဒေသ တစ်ရပ်တွင် ထမ်းဆောင်ရန် မြန်မာပြည်အစိုးရက စေလွှတ်ခြင်း ခံရသူလည်း ပါဝင်သည်။

တည်ဆဲ ဖြစ်သည့် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် ဤသို့ ဖွင့်ဆိုချက် မပါရှိတော့ပါ။ သို့သော် ယစ်မျိုးအရာရှိ (Excise Officer) ဟူသည့် စကားရပ်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) တွင် အောက်ပါအတိုင်း ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။

ယစ်မျိုးအရာရှိ ဆိုသည်မှာ ဤအက်ဥပဒေအရ ခန့်အပ်ခြင်းခံရသည့် သို့မဟုတ် လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသည့် မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အရာရှိကိုမဆို ဆိုသည်။

ထိုသို့ ယစ်မျိုးအရာရှိဟူသည့် ဖွင့်ဆိုချက်သာ ပါရှိသည် မှန်သော်လည်း အက်ဥပဒေပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များအတွက် ခန့်အပ်နိုင်ခြင်းအတွက် ပုဒ်မ ၆ (ခ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

၆။ နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(ခ) နိုင်ငံတော်သမ္မတ၏ ကြီးကြပ်မှုပြုသည့်အနေဖြင့် ကော်လိတ်တော်အရာရှိနှင့် တွဲဖက်၍ဖြစ်စေ၊ လက်အောက်ခံအဖြစ်ဖြင့်ဖြစ်စေ၊ မပါရှိဘဲဖြစ်စေ ဤအက်ဥပဒေအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်အားလုံး သို့မဟုတ် အချို့ကို ကျင့်သုံးရန်နှင့် တာဝန်အားလုံး သို့မဟုတ် အချို့

mgyoe.com

mgyoe.com
SAMPLE BOOK

ကို ထမ်းဆောင်စေရန် ကော်လိတ်တော်အရာရှိ မဟုတ်သော မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အရာရှိကိုမဆို ခန့်အပ်ပိုင်ခွင့် ရှိသည်။

ဤပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေတွင် ဖော်ပြထားသည့် ကော်လိတ်တော်အရာရှိအဖြစ် မည်သူ့ကိုမဆို ခန့်အပ်ပိုင်ခွင့် ရှိနေသည်ကို တွေ့ရပါသည်။ ဤပုဒ်မအလို့ငှာ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းကို ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် အမိန့်ကြော်ငြာစာ အမှတ် ၈၁/၂၀၂၀ ဖြင့် ထုတ်ပြန်ချက်ကို တွေ့ရပါသည်။ ကျန်ဒေသများအတွက်မူ မိမိ မတွေ့မိပါ။

## တရားမကျင့်ထုံး ဥပဒေ

တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းထားသော ဥပဒေများတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို အသုံးပြု ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်အဖြစ် တရားမ ကျင့်ထုံး ဥပဒေ (The Code of Civil Procedure) ဖြစ်ပါသည်။ အဆိုပါ ဥပဒေ၏ ပုဒ်မ ၅၄၊ ၆၈၊ ၇၀၊ ၇၁၊ ၇၂၊ ၈၀ တို့နှင့် နောက်ဆက်တွဲ တတိယဇယားတို့တွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ဖြင့် ပြဋ္ဌာန်းထားပြီး ပုဒ်မ ပြဋ္ဌာန်းချက် အကျဉ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဒ်မ ၅၄၊ ပစ္စည်းခွဲဝေခြင်း သို့မဟုတ် ဝေစုခွဲခြင်း၊

(ခ) ပုဒ်မ ၆၈၊ အချို့သော ဒီကရီများကို အတည်ပြုရန် ကော်လိတ်တော်အရာရှိသို့ လွှဲပြောင်းခြင်းဆိုင်ရာ နည်းဥပဒေများ ပြဋ္ဌာန်းခွင့် အာဏာ၊

(ဂ) ပုဒ်မ ၇၀၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများနှင့် တရားမရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို ပိတ်ပင်ခြင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK

(ဃ) ပုဒ်မ ၇၁၊ ကော်လိတ်တော်အရာရှိသည် တရားစီရင်ရေး လုပ်ငန်း ဆောင်ရွက်သည်ဟု မှတ်ယူရခြင်း၊

(င) ပုဒ်မ ၇၂၊ အာဏာအပ်နှင်းနိုင်ခြင်းကိစ္စ၊

(စ) ပုဒ်မ ၈၀၊ နို့တစ်စာ။

တတိယဇယားသည်မူ ကော်လိတ်တော်အရာရှိက ဒီကရီကို အတည်ပြုခြင်း ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။ ဤသို့ ပြဋ္ဌာန်းသည် ဖြစ်သော်လည်း တရားမကျင့်ထုံး ဥပဒေတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် အဓိပ္ပာယ် ဖွင့်ဆိုချက် မပါရှိပါ။ သို့ပါ၍ ယေဘုယျစကားရပ်များ အက်ဥပဒေ (General Clauses Act) ပါ ခရိုင်တစ်ရပ်အတွင်း အခွန်အရပ်ရပ် ကောက်ခံမှုအတွက် တာဝန် ရှိသည့် အဆင့်အမြင့်ဆုံး အရာရှိ ဟူသည့် ဖွင့်ဆိုချက်အတိုင်း ကောက်ယူရမည် ဖြစ်ပါသည်။

အကြောင်းမူကား မြေနှင့် စပ်လျဉ်း၍ အောက်မြန်မာပြည်တွင် မြေနှင့် အခွန် အက်ဥပဒေ၊ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာ မြေများ အက်ဥပဒေတို့နှင့် နည်းဥပဒေများတွင် အခွန်ကောက်ခံမှု အတွက် ခရိုင်တာဝန်ခံအဖြစ် ပြဋ္ဌာန်းမှုကို လေ့လာပါက အခွန် အရာရှိ (Revenue Officer) ဖြစ်သည့် ခရိုင်ဝန်ကို တွေ့ရမည် ဖြစ် ပါသည်။ အောက်မြန်မာပြည်တွင် မြေနှင့် စပ်လျဉ်း၍ အခွန် ကောက် ခံမှု၌ ဥပဒေများတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် မရှိပါ။ အထက်မြန်မာပြည်တွင်သာ ခရိုင်ဝန်ကို ကော်လိတ်တော် အရာရှိ အာဏာအပ်နှင်းခြင်း ရှိပါသည်။

သို့ဖြစ်ပါ၍ ဤတရားမ ကျင့်ထုံး ဥပဒေပါ ကော်လိတ်တော် အရာရှိ ဟူသည့် စကားရပ်သည် ခရိုင်အတွင်း မြေခွန်ကောက်ခံမှု တွင် တာဝန်ရှိသည့် အဆင့်အမြင့်ဆုံး အရာရှိဖြစ်သော ခရိုင်ဝန် (ယခုကာလ ခရိုင်အုပ်ချုပ်ရေးမှူး) ကို ဆိုလိုသည်ဟု ကောက်ယူမိ

mgyoe.com

mgyoe.com
SAMPLE BOOK

ပါသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေ ဥပဒေအရ လယ်ယာမြေများကို စီမံခန့်ခွဲသည့် ခရိုင်နှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ၏ကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။

## ရာဇဝတ်ကျင့်ထုံး ဥပဒေ

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်သည် တရားစီရင်ရေး အပိုင်းနှင့် သက်ဆိုင်သည့် တရားမကျင့်ထုံး ဥပဒေတွင် ပါရှိနေသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေ (The Code of Criminal Procedure) ၏ ပုဒ်မ ပြဋ္ဌာန်းချက်တချို့တွင်လည်း ပါရှိနေပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် တရားရုံးက ဝရမ်းထုတ်ထားသူ တစ်ဦး ထွက်ပြေး တိမ်းရှောင်နေသဖြင့် ထိုသူပိုင် ပစ္စည်းကို ဝရမ်းကပ်ရန် ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းသည့် ပုဒ်မ ၈၈ တွင် ပုဒ်မခွဲ (၄) အဖြစ် ကော်လိတ်တော်အရာရှိ၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

၈၈။ (၁) ပုဒ်မ ၈၇ အရ ကြေညာချက်ထုတ်သော တရားရုံးသည် ယင်းသို့ ကြေညာချက် ထုတ်ပြန်ခြင်း ခံရသူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ ပစ္စည်းနှစ်မျိုးလုံးကိုဖြစ်စေ မည်သည့် ပစ္စည်းကိုမဆို ဝရမ်းကပ်ရန် အချိန်မရွေး အမိန့်ထုတ်ဆင့်နိုင်သည်။

(၄) ဝရမ်းကပ်ရန် အမိန့်ထုတ်ဆင့်သည့် ပစ္စည်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်လျှင် အစိုးရအား အခွန်ထမ်းဆောင်နေသော မြေဖြစ်သည့်ကိစ္စ၌ ယင်းမြေ တည်ရှိရာ ခရိုင်၏ကော်လိတ်တော်အရာရှိမှတစ်ဆင့် ဤ ပုဒ်မအရ ဝရမ်းကပ်ခြင်းကို ဆောင်ရွက်ရမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဤပြဋ္ဌာန်းချက်တွင် ပါရှိသည့် ကော်လိတ်တော်အရာရှိ ဟူသည် ခရိုင်တစ်ရပ်အတွင်း မြေခွန်အရပ်ရပ် ကောက်ခံရန် တာဝန်ရှိသည့် ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုလိုပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် ဖော်ပြထားသည်က ဇာရီလူကြီးအဖြစ် ခန့်အပ်ခြင်းမှ ကင်းလွတ်ခွင့်အတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းသည့် ပုဒ်မ ၃၂၀ ပါ ပုဒ်မခွဲ (ဂ) နှင့် (င) တို့ ဖြစ်ပါသည်-

၃၂၀။ အောက်တွင် ဖော်ပြပါရှိသူများသည် ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်မှ ကင်းလွတ်ခွင့် ရရှိသည်-

(ဂ) အခွန် သို့မဟုတ် အကောက်ခွန်ဘက်ဆိုင်ရာ မင်းကြီးများနှင့် ကော်လိတ်တော်အရာရှိများ၊

(င) ကော်လိတ်တော်အရာရှိက အခွန်ကောက်ခံရေးတာဝန်များကို ထမ်းဆောင်သူ ဖြစ်သဖြင့် ကင်းလွတ်ခွင့်ပြုသင့်သည်ဟု ထင်မြင်သူများ၊

ယနေ့ကာလတွင် ဂျူရီစနစ်ကို မကျင့်သုံးသဖြင့် ရှင်းလင်းခြင်း မပြုတော့ပါ။

ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် ပြစ်မှု ကျူးလွန်သူ တစ်ဦးကို ငွေဒဏ် ပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အပေါ် ငွေဒဏ်ကို အရတောင်းခံနိုင်ရေးအတွက် ပြဋ္ဌာန်းသည့် ပုဒ်မ ၃၈၆ တွင်လည်း ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၃) တို့၌ ကော်လိတ်တော်အရာရှိနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၃၈၆။ (၁) ပြစ်မှု ကျူးလွန်သူတစ်ဦးအပေါ် ငွေဒဏ် ပေးဆောင်စေရန် စီရင်ချက်ချမှတ်သည့်အခါတိုင်း ယင်းသို့ စီရင်ချက် ချမှတ်သည့် တရားရုံးသည် အောက်ပါ နည်းလမ်းများအနက် တစ်နည်းနည်း သို့မဟုတ် နှစ်နည်းစလုံးဖြင့် ငွေဒဏ်ကို အရ တောင်းခံနိုင်ရန်အတွက် အရေး

mgyoe.com

mgyoe.com
SAMPLE BOOK

ယူ ဆောင်ရွက်နိုင်သည်။ ဆိုလိုသည်မှာ ယင်းတရား ရုံးသည်-

(က) ဖြစ်မှုကျူးလွန်သူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း တစ်စုံတစ်ရာကို ဝရမ်းစွဲကပ် ရောင်းချခြင်းအား ဖြင့် ငွေကို ကောက်ခံရယူရန်အတွက် ဝရမ်း ထုတ်ဆင့်နိုင်သည်။

(ခ) ငွေဒဏ် မပေးမဆောင် ပျက်ကွက်သူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်း နိုင်သောပစ္စည်း သို့မဟုတ် ပစ္စည်းနှစ်မျိုးစလုံး အပေါ်တွင် တရားမကြောင်းလုပ်ငန်းစဉ်အတိုင်း အတည်ပြုခြင်းအားဖြင့် ၎င်းငွေကို ရယူရန် ခရိုင်၏ ကော်လိတ်တော်အရာရှိအား အခွင့်အာဏာ အပ်နှင်းသည့် ဝရမ်း ထုတ်ဆင့်နိုင်သည်။

(၃) တရားရုံးများက ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) အရ ကော်လိတ်တော်အရာရှိထံ ဝရမ်း ထုတ်ဆင့်ရာတွင် တရားမကျင့်ထုံး ဥပဒေ၏ အမိန့်ပြာယ်အရ အဆိုပါ ဝရမ်းမျိုးကို ဒီကရီဟု မှတ်ယူရမည့်အပြင် ကော်လိတ်တော်အရာရှိကိုလည်း ဒီကရီ ရသူဟု မှတ်ယူရမည်။

ဤသို့ ဆိုပါက ကော်လိတ်တော်အရာရှိဟု မိမိကိုယ်မိမိ ဆိုနေသူများသည် အခွန်ကောက်ခံရေးအတွက် တာဝန်ရှိရုံသာမက တရားစီရင်ရေးပိုင်းတွင်လည်း ဥပဒေ ပြဋ္ဌာန်းချက်အရ အထောက်အကူ ပေးရန် တာဝန်ရှိလာသည်ကို သတိပြုကြရန် လိုအပ်ပါသည်။

**တံဆိပ်ခေါင်း အက်ဥပဒေ**

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို တွေ့ရှိရသော အက်ဥပဒေတစ်ရပ်သည် ၁၈၉၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ

mgyoe.com

mgyoe.com
SAMPLE BOOK

တံဆိပ်ခေါင်း အက်ဥပဒေ (The Burma Stamp Act, 1899) ဖြစ်ပါသည်။ ယင်းအက်ဥပဒေသည် အိန္ဒိယပြည်အတွက်သာ ပြဋ္ဌာန်း၍ ၁၈၉၉ ခုနှစ် ဇူလိုင်လတွင် အတည် ဖြစ်ခဲ့ရာမှ ၁၉၃၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ စတင်၍ မြန်မာပြည်သို့ အာဏာသက်ရောက်ခဲ့ပါသည်။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၊ ၁၆၊ ၁၈၊ ၂၆၊ ၃၁၊ ၃၂၊ ၃၅၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၆၊ ၄၈၊ ၄၉၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၆၁၊ ၇၃ တို့တွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

အဆိုပါ အက်ဥပဒေတွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အတွက် တည်ဆဲ အက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (၉) ၌ အောက်ပါအတိုင်း တွေ့ရပါသည်-

၂။ ဤအက်ဥပဒေတွင် ရှေ့နောက် စကားရပ် အဆက်အစပ်၌ဖြစ်စေ၊ အကြောင်းအရာ၌ဖြစ်စေ အဓိပ္ပာယ် ဆန့်ကျင် ကွဲလွဲမှု မရှိပါက-

(၉) ကော်လိတ်တော်အရာရှိဟု ဆိုသည်တွင် ပြည်တွင်း အခွန်များ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ် တာဝန်ပေးသည့် အခွန်အရာရှိနှင့် မည်သည့်အရာရှိမဆို ပါဝင်သည်။

ဤဖွင့်ဆိုချက်သည် ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၂/၂၀၁၁) ဖြင့် ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုပြင်ဆင်ချက် မတိုင်မီ ဖွင့်ဆိုချက်က အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

> ကော်လိတ်တော်အရာရှိ ဆိုရာတွင် ခရိုင်ဝန်နှင့် နိုင်ငံတော်သမ္မတက ဤကိစ္စရပ်များအလို့ငှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခန့်အပ်သည့် မည်သည့်အရာရှိမဆိုလည်း ပါဝင်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့ဖြစ်ရကား တံဆိပ်ခေါင်း အက်ဥပဒေပါ ကော်လိတ်တော် အရာရှိ ဟူသည် အဆိုပါ အက်ဥပဒေပါ ကိစ္စရပ်များ (တံဆိပ်ခေါင်း ခွန်) အတွက် တာဝန်ပေးခြင်း ခံရသည့် အရာရှိသာ ဖြစ်ပြီး မြေနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိသည်ကို သတိပြုမိကြမည်ဟု ယူဆပါသည်။ တစ်နည်းအားဖြင့် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် တွေ့ ရုံမျှဖြင့် မြေကို စီမံခန့်ခွဲသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူးဟု တရားသေ မှတ်ယူမနေကြဘဲ ဤအက်ဥပဒေ တွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးမှူးကို ဆို ကြောင်းကိုလည်း နားလည်ကြရပါမည်။

## ရုံးခွန် အက်ဥပဒေ

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို ၁၈၇၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သည့် ရုံးခွန် အက်ဥပဒေ (The Court Fees Act, 1870) တွင်လည်း ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၁၉-ဇ၊ ၁၉-ဈ တို့တွင် တွေ့ရှိရ ပါသည်။ ဤသို့ အက်ဥပဒေ ပြဋ္ဌာန်းချက်တွင် ကော်လိတ်တော် အရာရှိ ဟူသည့် စကားရပ် ပါရှိသော်လည်း ယင်းအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက် မပါရှိပါ။

ရုံးခွန် အက်ဥပဒေမှ ကော်လိတ်တော်အရာရှိ ဟူသည့် စကား ရပ် ပါရှိသည့် ပုဒ်မ ပြဋ္ဌာန်းချက်တို့၏ အကြောင်းအရာများကို လေ့ လာပါက ရုံးခွန် ပြန်အမ်းခြင်းအတွက် အောက်ပါအတိုင်း တွေ့ရ ပါသည်-

(က) ပုဒ်မ ၁၃၊ အယူခံလွှာ၌ ထမ်းဆောင်သည့် ရုံးခွန်ကို ပြန် လည် ထုတ်ပေးခြင်း၊

(ခ) ပုဒ်မ ၁၄၊ စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးစေလိုမှုတွင် ရုံးခွန် ပြန်လည် ထုတ်ပေးခြင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK

(ဂ) ပုဒ်မ ၁၅၊ တရားရုံးက ၎င်း၏ ယခင် မှားယွင်းချက်အပေါ် မူလ ဆုံးဖြတ်ချက်ကို ပြောင်းလဲသည့်အခါ သို့မဟုတ် ပြင်ဆင်သည့်အခါ ရုံးခွန် ပြန်လည် ထုတ်ပေးခြင်း။

ဤပုဒ်မ ပြဋ္ဌာန်းချက်တို့သည် တရားရုံး၏ ခွင့်ပြုလက်မှတ် (certificate) အရ ရုံးခွန် တံဆိပ်ခေါင်းအတွက် အမှုသည်က ကော်လိတ်တော်အရာရှိထံမှ ပြန်လည် ရယူခြင်း ဖြစ်ပါသည်။ ရုံးခွန် တံဆိပ်ခေါင်းကို ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချသည် ဖြစ်ရာ ဤပုဒ်မများပါ ကော်လိတ်တော်အရာရှိ ဟူသည် မြို့နယ် အခွန်ဦးစီးဌာနမှူး ဟူ၍ ကောက်ယူရမည် ဖြစ်ပါသည်။

ဆက်လက်၍ အောက်ပါ ပုဒ်မများတွင်လည်း ကော်လိတ်တော်အရာရှိ ဟူသည်ကို တွေ့ရပါသည်-

(က) ပုဒ်မ ၁၉-ဇ သေတမ်းစာ အတည်ပြုလက်မှတ် သို့မဟုတ် အမွေထိန်းစာလက်မှတ်အတွက် လျှောက်ထားကြောင်း အခွန်အာဏာပိုင်များထံသို့ အကြောင်းကြားခြင်းနှင့် ယင်းကိစ္စအတွက် လုပ်ထုံးလုပ်နည်း၊

(ခ) ပုဒ်မ ၁၉-ဈ၊ သေတမ်းစာ အတည်ပြုလက်မှတ်များနှင့် အမွေထိန်းစာများအတွက် ရုံးခွန် ထမ်းဆောင်ခြင်း။

ဤပုဒ်မ ပြဋ္ဌာန်းချက်များသည်လည်း ရုံးခွန် တံဆိပ်ခေါင်းအတွက် ဖြစ်ပေရာ ဤပြဋ္ဌာန်းချက်များမှ ကော်လိတ်တော်အရာရှိ ဟူသည်လည်း ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ် အခွန်ဦးစီးဌာနမှူးဟုသာ ကောက်ယူရမည် ဖြစ်ပါသည်။

သို့ပါသော်လည်း အချို့သော စာတမ်းအမှတ်အသားများကို ရုံးခွန် ကင်းလွတ်ခွင့်ပြုခြင်းအတွက် ပြဋ္ဌာန်းထားသည့် ယင်းအက်ဥပဒေ၏ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၉) တွင် အောက်ပါအတိုင်း တွေ့ရပါသည်-

mgyoe.com

mgyoe.com
SAMPLE BOOK

၁၉။ ဤအက်ဥပဒေတွင်ပါရှိသော မည်သည့်အချက်ကမျှ အောက်ပါ စာတမ်း အမှတ်အသားများ တင်သွင်းရာတွင် အခွန်တစ်ရပ်ရပ် ကောက်ခံခြင်း မရှိစေရ-

(၉) မြေခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ မြေမှ အကျိုးခံစားခွင့် မည်မျှ ရှိ မရှိနှင့် စပ်လျဉ်း၍ ဖြစ်စေ ကော်လိတ်တော်အရာရှိထံသို့လည်းကောင်း၊ မြေခွန်ဖြေရှင်းရေး ဆောင်ရွက်သော အခြားအရာရှိ သို့မဟုတ် မြေခွန်စည်းကြပ်သည့် မင်းကြီးထံသို့လည်းကောင်း အဆိုပါ ဖြေရှင်းမှု အပြီးသတ် အတည်မပြုမီ ကြိုတင်၍ တင်သွင်းသည့် လျှောက်လွှာ သို့မဟုတ် အသနားခံလွှာ၊

ဤပုဒ်မ ပြဋ္ဌာန်းချက်တွင် မြေခွန်စည်းကြပ်သည့် ကော်လိတ်တော်အရာရှိဟု ဆိုထားသည့် ဖြစ်၍ ဤပြဋ္ဌာန်းချက်ပါ ကော်လိတ်တော်အရာရှိ ဟူသည်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဟူ၍ ကောက်ယူရမည် ဖြစ်ပါသည်။ အက်ဥပဒေတစ်ရပ်တည်းမှ ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို အဓိပ္ပာယ် ကောက်ယူရာတွင် အကြောင်းအရာအရလည်းကောင်း၊ ရှေ့နောက် စကားအဆက်အစပ်အားဖြင့်လည်းကောင်း မည်သည့်ဌာနက မည်သည့်အရာရှိ ဖြစ်သည်ကို ခွဲခြား ကောက်ယူရခြင်း ဖြစ်ပါသည်။

## ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်သည် အခွန်အရပ်ရပ်နှင့် သက်ဆိုင်သည် ဖြစ်ရာ တည်ဆဲ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ (The Sea Customs Act, 1878) တွင်လည်း တွေ့ရှိရမည် ဖြစ်ပါသည်။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၈၊ ၅၅၊ ၁၀၁၊


mgyoe.com

mgyoe.com
SAMPLE BOOK

၁၁၈၊ ၁၆၇၊ ၂၀၁ တို့တွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို အသုံးပြုထားပါသည်။ ဤအက်ဥပဒေသည် အကောက်ခွန်ဦးစီးဌာနက တာဝန်ခံ အကောင်အထည်ဖော်နေခြင်း ဖြစ်ပြီး ခေတ်နှင့် လျော်ညီစေရန် ပြင်ဆင်ပြဋ္ဌာန်းချက်များ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

ဥပဒေ ပြင်ဆင်ချက်များ မပြုမီက ပုဒ်မ ၃၊ ပုဒ်မခွဲ (င) တွင် အကောက်ခွန် ကော်လိတ်တော်အရာရှိ (Customs-collector) ဟူသည့် စကားရပ်အတွက် အောက်ပါအတိုင်း ဖွင့်ဆို ပြဋ္ဌာန်းခဲ့ပါသည်-

၃။ (င) အကောက်ခွန် ကော်လိတ်တော်အရာရှိ ဆိုရာတွင် တည်ဆဲကာလတွင် အကောက်ခွန်ရုံးအသီးသီးကို ကွပ်ကဲနေသည့် အကောက်ခွန်အရာရှိများ သို့မဟုတ် ထိုသို့ ကွပ်ကဲသည့် အရာရှိ၏ အထူးတာဝန် အားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် အပ်နှင်းခံရသူလည်း ပါဝင်သည်။

သို့ရာတွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃) ဖြင့် အောက်ပါအတိုင်း ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ကို အခွင့်ရအကောက်ခွန်အရာရှိအဖြစ် ပြင်ဆင်ဖွင့်ဆို ပြဋ္ဌာန်းခဲ့ပါသည်-

၃။ (င) အခွင့်ရ အကောက်ခွန် အရာရှိ (Competent Customs Officer) ဆိုရာတွင် တည်ဆဲကာလတွင် အကောက်ခွန်ရုံးအသီးသီးကို ကွပ်ကဲနေသည့် အကောက်ခွန် အရာရှိများ သို့မဟုတ် ထိုသို့ ကွပ်ကဲသည့် အရာရှိ၏ အထူးတာဝန် အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် အပ်နှင်းခံရသူလည်း ပါဝင်သည်။

ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲ ပြင်ဆင်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ၏ ပုဒ်မ ၈ တွင် မူလက အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၈။ နိုင်ငံတော်သမ္မတက အခြားနည်း ညွှန်ကြားချက် မရှိလျှင် အကောက်ခွန်ရုံး မရှိသည့် မည်သည့်ဒေသတွင်မဆို ခရိုင်တစ်ရပ်၏ ကော်လိုတ်တော်အရာရှိနှင့် ယင်း၏ လက်အောက်ခံ အရာရှိများသည် ဤအက်ဥပဒေအရ အခွင့်ရ အကောက်ခွန် အရာရှိနှင့် အခြား အကောက်ခွန် အရာရှိများသို့ အပ်နှင်းသည့် တာဝန်များကို ဆောင်ရွက်နိုင်သည်။

ယင်းပြဋ္ဌာန်းချက်ကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃) ဖြင့် ပြင်ဆင်ချက်အရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခြားနည်း ညွှန်ကြားချက် မရှိလျှင် အကောက်ခွန်ရုံး မရှိသည့် မည်သည့်ဒေသတွင် မဆို ခရိုင်တစ်ရပ်၏ အခွင့်ရ အကောက်ခွန်အရာရှိနှင့် ယင်း၏ လက်အောက်ခံ အရာရှိများသည် ဤအက်ဥပဒေအရ အခွင့်ရ အကောက်ခွန် အရာရှိနှင့် အခြား အကောက်ခွန် အရာရှိများသို့ အပ်နှင်းသည့် တာဝန်များကို ဆောင်ရွက်နိုင်သည်။

သို့ဖြစ်၍ ကော်လိုတ်တော်အရာရှိဟု ဆိုပါက မြေကို စီမံ ခန့်ခွဲသူဟု အမြင်မမှားကြရန်နှင့် ကော်လိုတ်တော်အရာရှိ ဟူသည့် စကားရပ် ပါသည့် ဥပဒေတစ်ရပ်သည် ယင်းဥပဒေကို တာဝန်ယူ အကောင်အထည်ဖော်နေရသည့် ဌာန၏ လုပ်ငန်းတာဝန်ခံ အရာရှိများသာ ဖြစ်ကြောင်း၊ အချို့သော ဥပဒေများတွင် ပြင်ဆင်ချက် မပြုရသေးသော်လည်း ရှေ့နောက် စကားအဆက်အစပ်၊ အကြောင်းအရာတို့အရ ကောက်ယူရမည် ဖြစ်လျှင် အထွေထွေအုပ်ချုပ်ရေး

mgyoe.com

mgyoe.com
SAMPLE BOOK

ဦးစီးဌာန၏ ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုလိုခြင်း မဟုတ်ကြောင်း သိမြင်ကြရပါမည်။

## ကုန်းလမ်း အကောက်ခွန် အက်ဥပဒေ

အကောက်ခွန်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် ပါရှိပြီး ၂၀၁၅ ခုနှစ်တွင်မှ ပြင်ဆင်ခဲ့သည့် ဥပဒေတစ်ခုက ကုန်းလမ်း အကောက်ခွန် အက်ဥပဒေ (The Land Customs Act, 1924) ဖြစ်ပြီး အဆိုပါ အက်ဥပဒေ၏ ပြင်ဆင်မှု မပြုမီက ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင် ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိ (Collector of Land Customs) ဟူသည့် စကားရပ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြဋ္ဌာန်းခဲ့ပါသည်-

> ၂။ (ဂ) ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိ ဆိုသည်မှာ ပုဒ်မ ၃ အရ ခန့်အပ်သည့် ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိကို ဆိုသည်။

ယင်းနှင့် ဆက်စပ်၍ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> ၃။ (၁) နိုင်ငံတော်သမ္မတသည် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မည်သည့်နယ်စပ်ဒေသများနှင့် အမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြထားသည့် ဒေသများအတွက်မဆို ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိတစ်ဦးနှင့် ကုန်းလမ်း အကောက်ခွန်အရာရှိများအဖြစ် သင့်လျော်သူများကို ခန့်အပ်နိုင်သည်။

ထိုပြဋ္ဌာန်းချက်များအရ မည်သည့်အရာရှိကိုမဆို ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်အပ် တာဝန်ပေးအပ်နိုင်သည်ကို တွေ့ရပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၄) အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အခွင့်ရအကောက်ခွန်အရာရှိ (Competent Customs Official) ဟူသည့် စကားရပ် ဖွင့်ဆိုချက်ဖြင့် အစားထိုး ပြောင်းလဲရာ အောက်ပါအတိုင်း ဖြစ်ပေါ်လာပါသည်-

၂။ (ဂ) အခွင့်ရ အကောက်ခွန် အရာရှိ ဆိုသည်မှာ ပုဒ်မ ၃ အရ ခန့်အပ်သည့် အခွင့်ရ အကောက်ခွန် အရာရှိကို ဆိုသည်။

ထိုပြင်ဆင်သည့် ဥပဒေဖြင့်ပင် ပုဒ်မ ၃ ၏ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း ပြင်ဆင်ခဲ့ပါသည်-

၃။ (၁) ဘဏ္ဍာရေး ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသောဧရိယာတစ်ခုခုအတွက် အခွင့်ရ အကောက်ခွန်အရာရှိတစ်ဦးနှင့် ကုန်းလမ်း အကောက်ခွန်အရာရှိများအဖြစ် သင့်လျော်သည်ဟု ထင်မြင်သည့် အခြားပုဂ္ဂိုလ်များကို ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ ခန့်အပ်နိုင်သည်။

သို့ဖြစ်၍ မူလက ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်သည် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် တည်ဆဲ ဥပဒေ၌ မတွေ့ရတော့ပါ။ မည်သို့ပင်ဖြစ်စေ မူလ ပါရှိစဉ်ကပင် ကော်လိတ်တော်အရာရှိ (Collector) ဟု မဆိုဘဲ ကုန်းလမ်း အကောက်ခွန် ကော်လိတ်တော်အရာရှိ (Collector of Land Customs) ဟု ဆိုထားခဲ့သည် ဖြစ်ရာ ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်ကို တွေ့ရှိမှုဖြင့် မြေကို စီမံခန့်ခွဲသူ၊ မြေခွန်ကောက်ခံသူ ဟူသည့် အမြင်ဖြင့် မှတ်ယူ၍ မရသည်မှာ ထင်ရှားစေပါသည်။

ဗြိတိသျှအစိုးရ အုပ်ချုပ်မှု ခေတ်ဦးပိုင်းကာလတွင် ကော်လိတ်တော် ဟူသည့် စကားရပ် ပါရှိသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

သော အက်ဥပဒေများ ရှိခဲ့သော်လည်း ရုပ်သိမ်းပြီး ဖြစ်၍ ယင်း အက်ဥပဒေများကို တင်ပြခြင်း မပြုတော့ပါ။

## နိုင်ငံတော် ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ

ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ် ပါဝင်သည့် ဥပဒေများကို တင်ပြရာတွင် နောက်ဆုံး တင်ပြလိုသည့် ဥပဒေက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၃၁/၂၀၁၀) အဖြစ် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော် ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများ ဥပဒေ ဖြစ်ပါသည်။ ဤဥပဒေအနေနှင့် မူလက အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Works of Defence Act, 1903 ကို ရုပ်သိမ်းပြီး မြန်မာဘာသာဖြင့် ပြန်လည်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

ထိုပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တွင် ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်အတွက် အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုပါသည်-

> ကော်လိတ်တော်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ မြေနှင့် အခွန်ကိစ္စ လုပ်ငန်းများကို ဆောင်ရွက်နိုင်သော အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး/အုပ်ချုပ်ရေး အရာရှိကို ဆိုသည်။

မူလက အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Works of Defence Act, 1903 တွင်မူ အောက်ပါအတိုင်း ဖွင့်ဆိုခဲ့ပါသည်-

> ကော်လိတ်တော်အရာရှိ ဟူသည့် စကားရပ်တွင် ဤအက်ဥပဒေပါ ကော်လိတ်တော်အရာရှိ၏ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတက သီးသန့် ခန့်အပ်သည့် မည်သည့်အရာရှိမဆို လည်း ပါဝင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု မြန်မာဘာသာဖြင့် ပြဋ္ဌာန်းရာတွင် ဤဥပဒေအရ မြေနှင့် အခွန်ကိစ္စ လုပ်ငန်းများကို ဆောင်ရွက်နိုင်သော ဟူသည့် စကားရပ်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးကို သတ်မှတ်ပါသည်။ ဤဥပဒေအရ ကော်လိတ်တော်အရာရှိဟု သတ်မှတ်ခံရသူအနေနှင့် နိုင်ငံတော်ကာကွယ်ရေး အဆောက်အအုံ သို့မဟုတ် လုပ်ငန်းများ၏ အနီးရှိ မြေတွင် အဆောက်အအုံနှင့် အခြား ဆောက်လုပ်မှုများ မရှိစေရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကန့်သတ်ချက်များ ထုတ်ပြန်ကြေညာသည့်အခါ ကော်လိတ်တော်အရာရှိသည် ထိုကြေညာချက်ကို သက်ဆိုင်ရာ နယ်မြေရှိ လူအများ သိရှိစေရန် နို့တစ်စာ ထုတ်ပြန်ကြေညာခြင်း၊ သက်ဆိုင်သည့် မြေတွင် တိုင်းတာ မှတ်သားမှုပြုခြင်း၊ ဖယ်ရှားရေး ဆောင်ရွက်ချက်ကြောင့် နစ်နာ ဆုံးရှုံးမှုများအတွက် ပေးလျော်ရန် လိုအပ်သည့် လျော်ကြေး ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အဓိပ္ပာယ် ဖွင့်ဆိုမှုတွင် မြေနှင့် အခွန်ကိစ္စဟု ဆိုသော်လည်း ဥပဒေအရ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များသည် မြေသိမ်း အက်ဥပဒေပါ ကော်လိတ်တော်အရာရှိ၏ လုပ်ငန်းများနှင့် ဆင်တူနေပါသည်။

## နိဂုံး

တင်ပြခဲ့သည့် ဥပဒေအရပ်ရပ်တို့တွင် ဖော်ပြပါရှိသည့် ကော်လိတ်တော် (Collector) ဟူသည့် စကားရပ် ဖွင့်ဆိုမှု၊ အဓိပ္ပာယ် ကောက်ယူမှုကို လေ့လာကြည့်ပါက ပြဋ္ဌာန်းသည့် ဥပဒေအလိုက် ကော်လိတ်တော်၏ အဓိပ္ပာယ်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ ကွဲပြားခြားနားသည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

ဤသည်ကို လေ့လာသိရှိခြင်း မရှိဘဲ မိမိသည် ကော်လိတ်တော်၏ လုပ်ပိုင်ခွင့် ရရှိထားသည်ဟု ပြောနေသူများအနေနှင့် မည်သည့် ဥပဒေအရ မည်သူက ခန့်အပ်သည့် ရာထူး ဖြစ်ပါသနည်း၊ ယင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ရာထူးအရ တာဝန်နှင့် လုပ်ပိုင်ခွင့်များ မည်သို့ ရှိပါသနည်းဟု ဂယနဏ မေးလာသည့်အခါ တောက်တဲ့ကြီး လှည်းနင်းသကဲ့သို့ ဖြစ်မည်ကို မြင်ယောင်မိပါသည်။

မြန်မာပြည်၏ တည်ဆဲ မြေနှင့် အခွန်ဆိုင်ရာ ဥပဒေများတွင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်နိုင်နင်းသည့် ဗြိတိသျှအစိုးရက အခွန်အရာရှိ (Revenue Officer) ဟူသည့် စကားရပ်ကိုသာ မဏ္ဍိုင်ထားခဲ့သည်ကို သတိပြုကြရန် လိုအပ်ပါသည်။ အကြောင်းမူကား ကော်လိတ်တော် (Collector) ဟူသည့် စကားရပ်၏ မူရင်းအဓိပ္ပာယ်သည် အခွန်ကောက်ခံသူဟု မဆို၊ စုစည်းသူ/စုဆောင်းသူ (A person who collects) ဟူ၍ ဖြစ်ရကား အဓိပ္ပာယ် ကောက်ယူမှု လွဲမှားခြင်း မရှိစေရန်ဟု ယူဆမိပါသည်။

ယနေ့ကာလ Collector ဟူသည့် စကားရပ်အတွက် မြန်မာစာအဖွဲ့ ဦးစီးဌာနက ပြုစု ထုတ်ဝေသည့် အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင် အောက်ပါအတိုင်း ဖွင့်ဆိုပြထားပါသည်-

> collector. *n.* (esp in compound) (တံဆိပ်ခေါင်း၊ နာရီ စသည့်) စုဆောင်းသူ။ (အခွန်) ကောက်သူ။ (လက်မှတ်) စစ်သူ။ a stamp-collector; a tax-collector; a ticket-collector (e.g. at a railway station)

အရာရာတွင် မိမိတို့သည် ကော်လိတ်တော် ဖြစ်သည်ဟု ဆိုနေပါက အင်္ဂလိပ်ဘာသာစကား သာမန်မျှသာ သိသူ အရပ်သား ပြည်သူများက အဘိဓာန်ကို ဖတ်၍ မြန်မာဘာသာဖြင့် စုဆောင်းသူ သို့မဟုတ် လက်မှတ်စစ်ဟုလည်း သဘောပေါက်သွားနိုင်သည်ကို သတိပြုကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရကား ကော်လိတ်တော် ဟူသည့် စကားရပ်ကို အသုံးပြုမည် ဖြစ်ပါက မည်သည့်ဥပဒေအရ ပြောဆိုကြောင်း၊ မည်သည့် ပြဋ္ဌာန်းချက်အရ မည်သို့ လုပ်ပိုင်ခွင့် အပ်နှင်းခံရခြင်း ဖြစ်ကြောင်း၊

mgyoe.com